# ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို
# ရုပ်သိမ်းသည့်ဥပဒေ

# ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ

[ ၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၅ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေ (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

## ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

[၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော်နည်းဥပဒေများ အမှတ် ၁ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤနည်းဥပဒေများကို ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ဃ) ကို အောက်ပါနည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

(ဃ) ဆေးသုံးစွဲသူ ဆိုသည်မှာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး တစ်မျိုးမျိုးကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲသူကို ဆိုသည်၊

၃။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (င)၊ (စ)၊ (ဆ) နှင့် (ဈ) တို့တွင် "အမြဲသုံးစွဲနေသူများ" ဟူသော စကားရပ်ကို "ဆေး သုံးစွဲသူ" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ဇ) ပါ အကြောင်းအရာ အားလုံးကို ပယ်ဖျက်ရမည်။

၅။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၁၉ တွင် "တာဝန်ဆောင်ရွက်ရန် အတွက် လိုအပ်သည့် အတိုင်း လက်ဝယ်ထားရှိခွင့် ပြုသည်" ဟူသော စကားရပ်ကို "တာဝန်ဆောင်ရွက်ရန် လက်ဝယ်ထားခွင့်ရှိသော ဆေးဝါးအမျိုးအစားနှင့် ပမာဏကို သတ်မှတ်နိုင်သည်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၄၅ တွင် ပါရှိသော "ပြည်သူ့ရဲတပ်ဖွဲ့ သို့မဟုတ် အကောက်ခွန် ဦးစီးဌာနက ဆောင်ရွက်ရမည်" ဟူသော စကားရပ်ကို "ပြည်သူ့ရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သော အဖွဲ့အစည်းက ဆောင်ရွက်ရမည်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၂ တွင် အောက်ပါ နည်းဥပဒေခွဲကို နည်းဥပဒေခွဲ (ဂ) အဖြစ် ဖြည့်စွက်ရမည်—

(ဂ) သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သော ဝန်ထမ်း။

၈။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၃ နည်းဥပဒေခွဲ (ခ) ကို အောက်ပါ နည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

(ခ) ရှာဖွေရန် အမိန့်ကို ပြည်သူ့ရဲတပ်ဖွဲ့ အတွက် ဖြစ်လျှင် ဒု-လုံခြုံရေးမှူး အဆင့် (၂) ထက် မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာန အတွက် ဖြစ်လျှင် အကောက်ခွန်ဝန်ထမ်း အဆင့် (၁) ထက် မနိမ့်သော ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သော ဝန်ထမ်းကို ဖြစ်စေ အတည်ပြုရန် ဆင့်ဆိုနိုင်သည်။

၉။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၄ နည်းဥပဒေခွဲ (က)၊ (ဂ)၊ (ဃ) နှင့် (င) တို့တွင် “ပြည်သူ့ရဲတပ်ဖွဲ့ဝင် သို့မဟုတ် အကောက်ခွန်ဝန်ထမ်း” ဟူသော စကားရပ်ကို “ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ အကောက်ခွန် ဝန်ထမ်း သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သောဝန်ထမ်း” ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၇ နည်းဥပဒေခွဲ (က) တွင် “မြန်မာနိုင်ငံ ဓာတုဗေဒဝန်၊ ရန်ကုန်မြို့” ဟူသော စကားရပ်ကို “သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သော ဓာတုဗေဒစမ်းသပ် စစ်ဆေးရေးဌာန” ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄ နှင့် ၆၅ တို့တွင် ပါရှိသော “အမြဲသုံးစွဲသူများ” ဟူသော စကားရပ်ကို “ဆေးသုံးစွဲသူ” ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၆၆ ပါ အကြောင်းအရာအားလုံးကို ပယ်ဖျက်ရမည်။

၁၃။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၆၇ တွင် ပါရှိသော “အမြဲသုံးစွဲသူများနှင့် ရံဖန်ရံခါ သုံးစွဲသူများ” ဟူသော စကားရပ်ကို “ဆေးသုံးစွဲသူ” ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၆၇ နည်းဥပဒေခွဲ (ခ) ၏ ခေါင်းစဉ်တွင် “ရံဖန်ရံခါ သုံးစွဲနေသူများအား ဆေးကုသပေးခြင်း” ဟူသော စကားရပ်ကို “ပညာပေးခြင်း၊ ဆွေးနွေးခြင်း” ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဆေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၆၇ နည်းဥပဒေခွဲ (ခ) (၁) ပါ စကားရပ်အားလုံးကို ပယ်ဖျက်ရမည်။

၁၆။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဆေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၇၀ ပါ အကြောင်းအရာအားလုံးကို ပယ်ဖျက်ရမည်။

၁၇။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ အခန်း (၁၃) တွင် အောက်ပါ နည်းဥပဒေကို နည်းဥပဒေ ၇၀-က အဖြစ် ဖြည့်စွက်ရမည်—

၇၀-က။ မည်သူမဆို အောက်ဖော်ပြပါ မူးယစ်ထုံထိုင်း ဆေးဖြစ်စေတတ်သော ဆေးဝါးတစ်မျိုးမျိုးကို ယင်းနှင့် ယှဉ်တွဲဖော်ပြထားသော ဒသလေးချိန် သို့မဟုတ် ယင်း အ လေး ချိန် ထက် ပို ၍ လက်ဝယ်ထားလျှင်ဖြစ်စေ၊ သယ်ယူပို့ဆောင်လျှင်ဖြစ်စေ ပုဒ်မ ၆-က အရ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၇-က အရ ရောင်းချရန် အလို့ငှာ သယ်ယူပို့ဆောင်သည်ဟူ၍လည်းကောင်း မှတ်ယူရမည်—

(က) ဘိန်းဖြူ ဖြစ်ပါက သုံးဂရမ်၊

(ခ) မော်ဖင်း ဖြစ်ပါက သုံးဂရမ်၊

(ဂ) မိုနိုအက်စီတိုင်းမော်ဖင်းဖြစ်ပါက သုံးဂရမ်၊

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ မူးယစ်ထုံထိုင်း ဆေး ဖြစ် စေ တတ် သော ဆေး ဝါး စုစုပေါင်းတို့သည် သုံးဂရမ် သို့မဟုတ် ယင်းတို့အနက် နှစ်မျိုးပေါင်းသည် သုံးဂရမ်၊

(င) ဘိန်းစိမ်း သို့မဟုတ် ပြုပြင်ထားသော ဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်း တစ်ရာဂရမ်၊

(စ) ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်း နှစ်ဆယ့်ငါးဂရမ်၊

(ဆ) ကိုကားရွက် ဖြစ်ပါက တစ်ရာဂရမ်၊

(ဇ) ကိုကင်းဖြစ်ပါက သုံးဂရမ်၊

(ဈ) သက်ဆိုင်ရာ ဝန်ကြီးဌာနက မူးယစ်ထုံထိုင်းဘေး ဖြစ်စေတတ်သော ဆေးဝါးအဖြစ် အခါအား လျော်စွာ သတ်မှတ်သော ဆေးဝါးနှင့် အလေးချိန်။



ပ၊စ၊က/၇၉၆/က/လွှတ်တော်ရုံး/၁၅၁၀+၂၅/က/ ဇလ ။